ဝိနည်းရှောင်သည့်စစ်အစိုးရအာဏာပိုင်တို့က လမ်းဖြတ်သွားသောလယ်မြေများကို သိမ်းယူရန် ရဟန်းသံဃာတော်ကို ခိုင်း

လွတ်လပ်သော မွန်သတင်းအေဂျင်စီ (ကရင်ပြည်နယ်)
ဇူလိုင်လ ၃၁ ရက်၊ ၂၀၀၃ ခုနှစ်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်စစ်ရုံးချုပ်မှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ခရီးစဉ်တွင် ချမှတ်ခဲ့သော ကရင်ပြည်နယ် ဇာသပြင်–ကျုံဒိုး လမ်းကို ဖောက်လုပ်ရန်အတွက် ၄င်းလမ်း ဖြတ်သန်းသွားရာ လယ်မြေများကို သိမ်းယူရန် နအဖစစ်အစိုးရ ဒေသခံအာဏာပိုင်တို့က ဒေသခံဘုန်းကြီးများကို စေခိုင်းလျှက်ရှိပါသည်။

လာမည့် ဩဂုတ်လဆန်းတစ်ရက်နေ့မှာ သိမ်းယူရန် လယ်မြေများကို စတင်တိုင်းတာတော့မည့်ဖြစ်၍ လယ်သမားတို့ထံမှ လယ်မြေသိမ်းယူခြင်းခွင့်ပြုသည့် ရေးထိုးပေးသောလက်မှတ်ကိုရရန်အတွက် ဒေသခံဘုန်းတော်ကြီးများကို မကြာခင်က အစည်းအဝေး ခေါ်ယူခဲ့ပါသည်။

အစည်းအဝေးတွင် ဒေသခံနအဖအာဏာပိုင်တို့နှင့် ကျေးရွာရယကဥက္ကဋ္ဌတို့က ဘုန်းတော်ကြီးများကို ဒေသခံလယ်သမားများနှင့် ညှိနှိုင်းဆွေးနွေးခိုင်းပြီး လယ်သမားများထံမှ လယ်မြေသိမ်းခံသည့် ရေးထိုးပေးသောလက်မှတ်ကို တောင်းယူရန် စေခိုင်းခဲ့ပါသည်။

နအဖအာဏာပိုင်တို့၏ ခိုင်းစေမှုကြောင့် ၁၇ မိုင်ရှည်လျားသည့် ၄င်းလမ်းဖြတ်သွားသော လယ်မြေများကို အသိမ်းခံလက်မှတ်ရရန် ဒေသခံဘုန်းကြီးများသည် လယ်သမားများကိုခေါ်ယူပြီး လယ်မြေသိမ်းခံသည့် လက်မှတ်ကိစ္စကို ဆွေးနွေးလျှက်ရှိကြောင်း ဒေသခံရွာလူကြီးမင်းတစ်ဦးက လွတ်လပ်သောမွန်သတင်းအေဂျင်စီကို ပြောပြခဲ့ပါသည်။

သူ၏ပြောပြချက်အရ ဒေသခံနအဖအာဏာပိုင်တို့က အဆင်ပြေအောင်ဆိုပြီး လယ်မြေသိမ်းခံသည့် လက်မှတ်ကိစ္စကို ဘုန်းတော်ကြီးများအား ဆောင်ရွက်ခိုင်းပါသည်။ သို့သော်လည်း ဘုန်းတော်ကြီးများက ဒေသခံလယ်သမားများနှင့် ညှိနှိုင်းရာတွင် အဆင်ပြေမှုမရှိဘဲ ငြင်းပွားမှုများဖြစ်နေကြောင်း သိရပါသည်။

ယခုလမ်းသည် မဆလပါတီကောင်စီလက်ထက်ကတည်းက လမ်းဟောင်းအတိုင်း ဆက်လက် ဖောက်သွားမည် ဖြစ်ပြီး ၄င်းလမ်းသည် ကရင်မြို့နယ် ဖားအံမြို့နယ် ခရားရွာအရှေ့ဘက်မှ ကော့ကရိတ်မြို့နယ် ကျုံဒိုးအထိ ဆက်သွယ် ဖောက်လုပ်သွားမည် ဖြစ်ပါသည်။

ဇာသပြင်–ကျုံဒိုးလမ်းသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ချမှတ်ခဲ့သော တရနာ–ကျုံဒိုးလမ်း၏ ထက်ဝက်ပိုင်းဖြစ်ပြီး၊ ပြီးခဲ့သည့်နွေရာသီတွင် အရှေ့တောင်တိုင်း တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်မှ တိုက်ရိုက်ဦးစီးပြီး တရနာ၊ ကော့ဘိန်း၊ ကမ်းနီမှ ကျုံဒိုးအထိ လမ်းကို ဒေသခံပြည်သူများ၏ လုပ်အားဖြင့် အဓမ္မ ဖောက်လုပ်ခိုင်းခဲ့ပါသည်။

ယခုလည်း ကျန်ရှိနေသော လမ်းများကိုဖောက်လုပ်ရန်အတွက် မိမိတို့မှ ဘုန်းတော်ကြီးများအား ပြည်သူများကို စည်းရုံးခိုင်းပြီး အဓမ္မဖောက်လုပ်ပြီးစီးခဲ့သော ဂျိုင်းမြစ်၏ တဖက်ကမ်းရှိ မိုင် ၃၀ ရှည်သော လမ်းတစ်လမ်း ကဲ့သို့ ယခုလမ်းကိုလည်း ကော့ကရိတ်ခရိုင် နအဖအာဏာပိုင် ဗိုလ်မှူးကြီးဦးကိုကိုကြီးမှ တာဝန်ယူဖောက်လုပ်နေခြင်း ဖြစ်ပါသည်။